# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 11 , 2025 — Volume 97 , Number 9


**၁၁-၁၂-၂၀၂၅**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၅၅.၉၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၂.၃၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၈.၃၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၅.၆၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၇.၄၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၂၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၅၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၁.၅၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၁၆ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## မြန်မာ့ပို့ကုန်များ ရုရှားတွင် ဈေးကွက်ပိုမိုရရှိရေးဆွေးနွေး



မြန်မာ့ပို့ကုန်တွေ ရုရှားနိုင်ငံမှာ ဈေးကွက်ပိုမိုရရှိနိုင်ဖို့အတွက် မြန်မာ-ရုရှား နှစ်နိုင်ငံ တာဝန်ရှိသူတွေ ဆွေးနွေးထားတယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာနက သိရပါတယ်။

အခု ဒီဇင်ဘာလထဲမှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေဟာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ခရက်စ်နောဂေါ့စ်ခ်မြို့ အခြေစိုက် မော်စကိုခရိုင်ဆိုင်ရာ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်၊ ရော့စ်ကွန်ဂရက်ဖောင်ဒေးရှင်းရဲ့ ကြီးကြပ်ရေးဘုတ်အဖွဲ့ဝင်၊ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့ (Fund RC–Investment)ရဲ့ အရှေ့တောင်အာရှစီမံကိန်းများညှိနှိုင်းရေးမှူး မစ္စတာ ဆာဂေးရှုတီရော့ဗ် ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ကို စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ-၁ မှာ လက်ခံတွေ့ဆုံခဲ့ပါတယ်။ တွေ့ဆုံစဉ် နှစ်နိုင်ငံကုန်သွယ်မှုပမာဏ ပိုမိုမြင့်တက်လာစေဖို့အတွက် မြန်မာနိုင်ငံက လယ်ယာထွက်ကုန်နဲ့ ရေထွက်ကုန်ပစ္စည်းတွေအပါအဝင် အဓိကပို့ကုန်တွေကို ရုရှား နိုင်ငံမှာ ဈေးကွက်ပိုမိုရရှိနိုင်ရေးကိစ္စတွေကို ဆွေးနွေးခဲ့ကြပါတယ်။ အဲဒီအပြင် ရုရှား နိုင်ငံထုတ် ဓာတ်မြေဩဇာတွေ မြန်မာနိုင်ငံကို တင်ပို့နိုင်ဖို့၊ နှစ်နိုင်ငံအကြား ကုန်စည် ပြပွဲတွေကျင်းပကာ စီးပွားရေးလုပ်ငန်းရှင်အချင်းချင်း ရင်းနှီးမှုရှိစေရဖို့နဲ့ ကုန်ပစ္စည်းတွေ ပါဝင်ပြသနိုင်ဖို့အတွက် အပြန်အလှန် ဖိတ်ကြားသွားဖို့၊ နှစ်နိုင်ငံ ကုန်သွယ်မှုစင်တာတွေ အပြန်အလှန် ဖွင့်လှစ်ဖို့ကိစ္စတွေအပြင် နေပြည်တော်ကောင်စီနယ်မြေမှာ တည်ဆောက်မဲ့

သဘာဝမြေသြဇာစက်ရုံအတွက် လိုအပ်တဲ့စက်ပစ္စည်းတွေ တင်သွင်းနိုင်ဖို့နဲ့ စီးပွားရေးနဲ့ကုန်သွယ်ရေးကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ကိုလည်း ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

Source: https://onenewstvchannel.com/%e1%80%85%e1%80%ae%e1%80% b8%e1%80%95%e1%80%bd%e1%80%ac%e1%80%b8%e1%80%9b%e1%80%b1%e1%80%b8/

## ဆိတ်အရှင်ဈေးကွက် စံချိန်တင်မြင့်တက် တစ်ပိဿာ ကျပ် ၂၃၀၀၀ ကျော်အထိရှိနေ



ပြည်တွင်းမွေးမြူရေးကဏ္ဍမှာ ဆိတ်အရှင်ရောင်းဈေးကွက် စံချိန်တင်မြင့်တက်လာပြီး တစ်ပိဿာကို ၂၄,၀၀၀ ဝန်းကျင်အထိ ဈေးရှိလာတယ်လို့ ဈေးကွက်အတွင်း စုံစမ်းသိရှိရပါတယ်။

အညာဒေသ ဆိတ်မွေးမြူရေးဈေးကွက်မှာ အလေးချိန် ၁၀ ပိဿာ အထက်ရှိတဲ့ ဆိတ်အရှင် (အမ) က တစ်ပိဿာ ၁၈,၀၀၀ ကျပ် ဝန်းကျင်ဈေးရှိပြီး ပေါင်ချိန်နဲ့ဆိုပါက တစ်ပေါင်ကို ၅၀၀၀ မှ ၆၀၀၀ ကျပ်အတွင်း ဈေးရှိနေတယ်လို့ သိရပါတယ်။

ဆိတ်အရှင် ( အထီး) ကတော့ ပိဿာချိန် ၁၅ ပိဿာအထက်ရှိပါက တစ်ပိဿာကို ၂၃၀၀၀ ကျပ်အထက် ဈေးရှိပြီး ပေါင်ချိန်နဲ့ဆိုပါက တစ်ပေါင်ကို ၆၅၀၀ မှ ၇၀၀၀ ဝန်းကျင်အထိ ရှိလာနေတာဖြစ်တယ်လို့ သိရပါတယ်။

"အခု ဆိတ်ဈေးကွက်က မြင့်နေတာပေါ့။ ကျွန်တော်က ဆိတ်မဆိုရင် တစ်ပိဿာ ၅၀၀၀ နဲ့ရောင်းတယ်။ ဆိတ်ထီးဆိုရင် တစ်ပိဿာ ၆၅၀၀ ရောင်းတယ်။ တခြားရောင်းသူတွေက ဒီထက်ဈေးနှုန်း မြင့်တာလည်းရှိတယ် " လို့ အညာဒေသရှိ ဆိတ်ရောင်းဝယ်ရေးလုပ်ကိုင်သူ ကိုကျော်က ပြောပါတယ်။

ဆိတ်အရှင်ရောင်းဈေးက နေရာဒေသ အကွာအဝေးပေါ်လိုက်ပြီး ဈေးနှုန်းကွာခြားမှုရှိပေမဲ့ အနိမ့်ဆုံး ရောင်းဈေးက တစ်ပိဿာကို ၅၀၀၀ ကျပ် ဖြစ်တယ်လို့သိရပါတယ်။

လက်ရှိမှာ ဆိတ်အရှင်ကို ပြည်ပက ဝယ်လိုအားရှိနေတဲ့အပြင် ပြည်တွင်းစားသုံးမှုလည်း ရှိလာတာကြောင့် ဆိတ်ဈေးကွက် မြင့်တက်လာတာဖြစ်တယ်လို့ သိရပါတယ်။ ပြည်တွင်းမွေးမြူရေး ကဏ္ဍမှာလည်း နယ်မြေအခြေအနေအရ ဆိတ်မွေးမြူရေး လုပ်ကိုင်သူ လျော့ကျလာတဲ့ အခြေအနေတွေကြောင့် ရောင်းလိုအားနည်းပြီး ဝယ်လိုအားများတဲ့အတွက် ဆိတ်အရှင်ဈေးကွက် မြင့်တက်လာနေတာဖြစ်တယ်လို့ သိရပါတယ်။

"ဆိတ်အရှင်က ပြည်ပပို့တာရှိတယ်။ အခုက အသားစားမှုလည်း များလာတယ်။ အသားဈေးလည်းတက်တော့ အရှင်ဖမ်းဈေးလည်း တက်တာပေါ့။ ဆိတ်ထီးရော အမရော အကုန်အဝယ်လိုက်တယ်"လို့ သူကထပ်မံပြောပါတယ်။

ဆိတ်ကိုတော့ အညာဒေသဖြစ်တဲ့ မကွေးတိုင်း၊ မန္တလေးတိုင်းတို့မှာ အဓိကလုပ်ကိုင်သူများပြီး ကျန်တဲ့ စစ်ကိုင်း၊ ပဲခူးတိုင်းနဲ့ အခြားပြည်နယ်နဲ့တိုင်းဒေသကြီးမှာတော့ ဒေသအလိုက် မွေးမြူမှုရှိကြပါတယ်။ ဆိတ်တွေဟာ နွေရာသီမှာ ရောဂါကင်းပြီး ကြီးထွားမှုနှုန်းကောင်းကာ မိုးရာသီမှာတော့ ရောဂါဖြစ်ပွားမှုရှိပြီး ကြီးထွားမှုနှုန်းလည်း နှေးတယ်လို့သိရပါတယ်။

**Source: (AMIA)**

**https://greenwaymyanmar.com/posts/goat_market_news**

## မြန်မာ့ဖရဲနှင့်သခွားမွှေးများ တရုတ်ဈေးကွက်၌ ဈေးကောင်းမရဖြစ်နေ



မြန်မာနိုင်ငံက စိုက်ပျိုးထုတ်လုပ်တဲ့ ဖရဲသီးနဲ့ သခွားမွှေးသီးတွေကို နယ်စပ်ကနေ တရုတ်ကို တင်ပို့ရောင်းချရာမှာ ဈေးကောင်းမရဖြစ်နေတယ်လို့ နယ်စပ်သစ်သီးဝလံကုန်သည်အသိုင်းအဝိုင်းက သိရပါတယ်။

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းလားနယ်စပ်ကုန်သွယ်ရေး တာလေ့ဂိတ်ကနေ ဖရဲသီးနဲ့သခွားမွှေးသီးတွေ တင်ပို့တဲ့အခါ လမ်းခရီးကြန့်ကြာတာနဲ့ ရာသီဥတုကြောင့် တရုတ်ဈေးကွက်ရောက်ချိန်မှာ အသီးအရည်အသွေးတွေ ကျဆင်းပြီး ဈေးကောင်းမရဖြစ်တာလို့ ဆွေမြန်မာသစ်သီးပွဲရုံက တာဝန်ရှိသူတစ်ယောက်က ပြောပါတယ်။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှာရှိတဲ့ ကျင်စန်းကျော့ဂိတ်ကနေ တရုတ်တင်ပို့နိုင်မယ်ဆိုရင်တော့ လမ်းခရီးတိုပြီး ကုန်ကျစရိတ်သက်သာတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ မိုင်းလားနယ်စပ်ကနေ တင်ပို့ရတဲ့အခါမှာ ကုန်ကျစရိတ်များပြီး ရက်ကြာတဲ့အတွက် အခုရရှိတဲ့ဈေးက ကုန်သည်တွေအတွက် တွက်ခြေမကိုက် ဖြစ်နေတာပါ။

လက်ရှိမှာ မိုးဖရဲသီး တစ်တန်ကို ယွမ် ၄၀၀၀ နဲ့ ယွမ် ၅၀၀၀ ဝန်းကျင် ၊ မိုးသခွားမွှေး တစ်တန်ကို ယွမ် ၃၀၀၀ နဲ့ ယွမ် ၄၀၀၀ ကြားသာ ရရှိနေတယ်လို့ သစ်သီးပွဲရုံဈေးကွက်က သိရပါတယ်။

ဖရဲတစ်တန်ကို ယွမ် ၅၀၀၀ ကနေ ၈၀၀၀ ဝန်းကျင်နဲ့ သခွားမွှေးတစ်တန် ယွမ် ၇၀၀၀ ကနေ ၈၀၀၀ ဝန်းကျင်ကြားရရှိမှ ဖရဲသခွားကုန်သည်တွေနဲ့ တောင်သူတွေအတွက် စီးပွားရေးအရ တွက်ခြေကိုက်နိုင်မယ်လို့ ကုန်သည်တွေက ပြောပါတယ်။

အရင်က ဖရဲ သခွားမွှေးသီးတွေကို ကျင်စန်းကျော့ နယ်စပ်ကုန်သွယ်ရေးဂိတ်ကနေတင်ပို့ခဲ့ပြီး လတ်တလောမှာ နယ်မြေအခြေအနေတွေအရ ချင်းရွှေဟော်၊ လွယ်ဂျယ်၊ မူဆယ်နဲ့ကျင်စန်းကျော့စတဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းတွေကို ရပ်နားထားတယ်လို့ သိရပါတယ်။ လက်ရှိမှာတော့ မိုင်းလား-တာလေ့ကနေ တရုတ်ဈေးကွက်ကို ဖရဲသီး ၁၅ တန်ပါ ကားစီးရေ ၅ စီးကနေ ၆ စီး နဲ့ သခွားမွှေး ၁၅ တန်ပါ ကားစီးရေ ၁၀ စီး ကနေ ၁၅ စီးကြား နေ့စဉ် ဝင်ရောက်ရောင်းချနေတယ်လို့ သိရပါတယ်။

**Source:** https://onenewstvchannel.com/%e1%80%85%e1%80%ae%e1%80%b8%e1%80%95%e1%80%bd%e1%80%ac%e1%80%b8%e1%80%9b%e1%80%b1%e1%80%b8/

## ရှမ်းအာလူးရော တရုတ်အာလူးပါ ဈေးတွေကျလာ





ပြည်တွင်းအဓိကစားသုံးသည့် အာလူးက ယခုရက်သတ္တပတ်တွင် ဈေးထပ်မံကျဆင်းလာသည်။ ရှမ်းအာလူးများ ဈေးကွက်အဝင်ရှိနေခြင်းကြောင့် တရုတ်နိုင်ငံမှ တင်သွင်းရသည့် တရုတ်အာလူးပါ ဈေးကျလာသည်။

ရန်ကုန်ဈေးကွက်တွင် အာလူးလက်ကားဈေးက အောင်ပန်းok သစ် တစ်ပိဿာ လျှင် ကျပ် ၃,၅၀၀ မှ ၃,၃၀၀၊ အောင်ပန်း s1သစ် တစ်ပိဿာ ကျပ် ၄,၅၀၀ မှ ၃,၈၀၀၊ အောင်ပန်း s2 သစ် တစ်ပိဿာ ကျပ် ၅,၅၀၀ မှ ၄,၃၀၀-၅,၃၀၀၊ တရုတ်အာလူး တစ်ပိဿာ ကျပ် ၅,၈၀၀ – ၆,၀၀၀ မှ ၅,၅၀၀ သို့ ဈေးပြောင်းလဲသည်။

**Source: AMIA**

https://greenwaymyanmar.com/posts/goat_market_news

## မတ်ပဲဈေး နှစ်ရက်အတွင်း နှစ်သောင်းနီးပါး ဈေးပြန်တက်လာ




ပို့ကုန် ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲဈေးနှုန်း ပြန်လည်မြင့်တက်လာပြီး နှစ်ရက်အတွင်း တစ်တန်ကို နှစ်သောင်းနီးပါး ပြန်လည်မြင့်တက်လာပြီး လက်ရှိတစ်တန်ကို ၂,၇၆၃,၀၀၀ ရှိနေတယ်လို့ ကုန်သည်တွေနဲ့ ပွဲရုံတွေဆီက သိရပါတယ်။

လက်ရှိမှာ ပြည်တွင်းပဲမျိုးစုံ ဈေးကွက်အတွင်းကို မိုးမတ်ပဲအသစ်တွေ ဝင်ရောက်မှုရှိနေပေမဲ့ ပြည်တွင်းကုန်သည်တွေမှ ပြန်လည်ဝယ်လိုအားရှိနေတဲ့အပြင် ပြည်ပကိုလည်း အထိုက်အလျောက် တင်ပို့မှုရှိနေတာကြောင့် ဈေးကွက်မြင့်လာတာဖြစ်တယ်လို့ဆိုပါတယ်။

"မန္တလေးကုန်စည်ဒိုင်မှာ ဒီနေ့ဆို မတ်ပဲတွေ ရသလောက်ကို အကုန်လိုက်သိမ်းနေတာမျိုးအထိရှိတယ်။ ဝယ်လိုအားရှိလို့ ဈေးပြန်တက်လာတာပ"လို့ မန္တလေးမှကုန်သည်တစ်ဦးက ပြောပါတယ်။

လက်ရှိ ဒီဇင်ဘာ ၁၀ ရက်နေ့ မန္တလေးကုန်စည်ဒိုင်မှာ မတ်ပဲ ကျောက်ရစ် (အဟောင်း) က ၂၅၅,၀၀၀ မှ ၂၆၀,၀၀၀ ကျပ်ရှိပြီး မတ်ပဲအသစ်က ၂၀၀,၀၀၀ မှ ၂၄၀,၀၀၀ ကျပ်ရှိနေပါတယ်။

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာတော့ ဒီဇင်ဘာ ၁၀ ရက်နေ့ဈေးက မတ်ပဲ FAQ တစ်တန်ကို ၂,၇၆၃,၀၀၀ ကျပ်ရှိနေတယ်လို့ သိရပါတယ်။ မတ်ပဲ FOB ဈေးနှုန်းကလည်း အမေရိကန်ဒေါ်လာ ၇၁၀ မှ ၇၂၀ အတွင်းရှိလာတယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၈ ရက်နေ့အထိ အကျဈေးမှာပဲရှိနေခဲ့တာဖြစ်ပြီး လက်ရှိမှာတော့ ပဲဈေးက တည်ငြိမ်မှုမရှိတာကို တွေ့ရပါတယ်။

မတ်ပဲဈေးကွက်ဟာ ပြီးခဲ့တဲ့ နိုဝင်ဘာဘာ ၂၅ ရက်နေ့ နောက်ပိုင်းမှစပြီး ဈေးကွက်ဆက်တိုက် မြင့်တက်လာတာဖြစ်ကြောင်း၊ နိုဝင်ဘာ ၂၅ ရက်မတိုင်ခင်က မတ်ပဲ FAQ တစ်တန်ကို ၂၆ သိန်းကျပ်ကျော်သာရှိခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ "မတ်ပဲဈေးလေးပြန်လှုပ်လာတယ်။ အဝယ်လည်းရှိတယ်။ နယ်ဘက်မှာကတော့ ပဲအဝင်သိပ်မရှိသေးဘူး။ ဖေဖော်ဝါရီလောက်မှ ပဲတွေအဝင်လှိုင်မယ်။ အဓိက အိန္ဒိယဝယ်ဖို့ပဲလိုတာပါ"လို့ ပြည်မြို့မှ ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပါတယ်။

လက်ရှိ ပြည်ကုန်စည်ဒိုင်မှာ မတ်ပဲ ပိဿာ ၂၀ တစ်အိတ်ကို ၈၇,၅၀၀ ကျပ်ရှိပြီး အရင်က တစ်အိတ်ကို ၈၃,၅၀၀ ကျပ်ဝန်းကျင်သာရှိခဲ့တယ်လို့ သိရပါတယ်။

မတ်ပဲကိုတော့ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးမှုအနေနဲ့ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းတို့မှာ အဓိကစိုက်ပျိုးပြီး အခြားဒေသအချို့မှာလည်း စိုက်ပျိုးမှုရှိကာ ဖေဖော်ဝါရီနဲ့ မတ်လလောက်မှ ပဲတွေဈေးကွက်ထဲ စတင်ဝင်ရောက်လေ့ရှိပါတယ်။ ပြီးခဲ့တဲ့ ဆောင်းမတ်ပဲ ရိတ်သိမ်းချိန်ရာသီတုန်းက မတ်ပဲ တစ်တင်းကို ၉၄,၀၀၀ ကျပ်နဲ့ဈေးဖွင့်ခဲ့ပါတယ်။

မတ်ပဲကို အိန္ဒိယကိုသာ အဓိကတင်ပို့မှုရှိတာဖြစ်ပြီး အိန္ဒိယကို အခွန်ကင်းလွတ်ခွင့်နဲ့ တင်ပို့ခွင့်ကာလက လာမဲ့ ၂၀၂၆ ခုနှစ် မတ်လမှာ သက်တမ်းကုန်ဆုံးမှာဖြစ်တဲ့အတွက် သက်တမ်းထပ်တိုး၊ မတိုးကိစ္စနဲ့ပတ်သက်ပြီး အိန္ဒိယအစိုးရဝန်ကြီးဌာနတွေ ဆွေးနွေးနေကြပါတယ်။

**Source: AMIA**

https://htwettoe.com/post/50437

## မြန်မာအပါအဝင် LDC နိုင်ငံများ၏ အိန္ဒိယသို့ ကွမ်းသီးတင်ပို့မှုအပေါ် အခွန်ပြန်ကောက်ရန် တောင်းဆိုလာ



မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDCs) မှ ကွမ်းသီးတင်သွင်းမှုတွေကို အကောက်ခွန်ကင်းလွတ်ခွင့်၊ အရေအတွက် ကန့်သတ်ချက်ကင်းလွတ်ခွင့် (DFQF) အစီအစဉ်ကနေ ဖယ်ထုတ်ပေးဖို့ အိန္ဒိယနိုင်ငံ၊ ပြည်တွင်းကွမ်းသီးကဏ္ဍမှ သက်ဆိုင်သူတွေက တောင်းဆိုထားကြောင်း The Hindi Business Line သတင်းဌာနက ဖော်ပြပါတယ်။

DFQF က ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတွေရဲ့ စီးပွားရေးကို အထောက်အကူပြုဖို့ ရည်ရွယ်ထားတဲ့ ပြဋ္ဌာန်းချက်ဖြစ်ပေမဲ့ ယခုအခါ အိန္ဒိယတောင်သူတွေကို ထိခိုက်စေတဲ့ပုံစံနဲ့ အလွဲသုံးစားပြုခြင်းခံနေရကြောင်း ဒက်ရှီနာ ကန်နာဒါ ခရိုင်မှ ပါလီမန်အမတ် Captain Brijesh Chowta က ပြောပါတယ်။

အိန္ဒိယနိုင်ငံအနေနဲ့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ပကနေ ကွမ်းသီးတန်ချိန် ၄၂,၂၃၆ ဒသမ ၀၂ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၄၃ ဒသမ ၄၅ သန်းဖိုးခန့် တင်သွင်းခဲ့ကြောင်း ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနကနေ သိရပါတယ်။

မြန်မာနိုင်ငံကနေ အိန္ဒိယကိုတင်ပို့တဲ့ ကွမ်းသီးတန်ဖိုးအနေနဲ့ ၂၀၂၃ - ၂၄ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၆၁ သန်းမှ ၂၀၂၄ -၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၂၀ သန်းသို့ တိုးလာခဲ့တာပါ။

ဒါ့ကြောင့် အိန္ဒိယရဲ့ မြန်မာ့ကွမ်းသီးဝယ်လိုအားက တစ်နှစ်အတွင်း ကန်ဒေါ်လာ ၁၇ သန်းကျော်ဖိုး တိုးတက်ခဲ့တာကို အိန္ဒိယအစိုးရရဲ့ အချက်အလက်မှာ တွေ့ရပါတယ်။ မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ ကွမ်းသီးခြောက်တွေကို အိန္ဒိယဈေးကွက်ထံ ၃ နှစ်စာချုပ်နဲ့ တင်ပို့ဖို့ ၂၀၂၄ ခုနှစ်မှာ သဘောတူညီမှု ရရှိထားကြောင်း သိရပါတယ်။

အိန္ဒိယနိုင်ငံအနေနဲ့ ကွမ်းသီးထုတ်လုပ်မှုတွင် ကိုယ်တိုင်ဖူလုံမှုရှိကြောင်း ပါလီမန်အမတ် Captain Chowta က အချက်အလက်တွေကို ကိုးကားထားပြီး သုည-အခွန် တင်သွင်းကုန်အမြောက်အမြားက နိုင်ငံအတွင်း ဝင်ရောက်နေဆဲဖြစ်လို့ တောင်သူတွေရဲ့ ယှဉ်ပြိုင်နိုင်စွမ်းကို ထိခိုက်စေတဲ့ မမျှတသော ဈေးနှုန်းကွာဟမှုကို ဖြစ်ပေါ်စေတယ်လို့ ဆိုပါတယ်။

အိန္ဒိယအစိုးရက ကွမ်းသီးကို DFQF မှ ဖယ်ရှားလိုက်ပါက မြန်မာ့ကွမ်းသီးတင်ပို့မှုက ၁၀၀ ရာခိုင်နှုန်း အကောက်ခွန်နှုန်းထားကို ရင်ဆိုင်ရမှာဖြစ်ပြီး ဈေးကွက်ဝင်ရောက်ခွင့်ကို ဆိုးရွားစွာ ထိခိုက်စေမယ်လို့ ကော်လ်ကတ္တားအခြေစိုက် စီးပွားရေးသံမှူးက သုံးသပ်ထားပါတယ်။

ဒါ့ကြောင့် မြန်မာနိုင်ငံအနေနဲ့ ကွမ်းသီးတင်ပို့မှုအတွက် အခြားသော ဈေးကွက်ဝင်ရောက်ခွင့် လမ်းကြောင်းများ သို့မဟုတ် တန်ဖိုးမြှင့်ထုတ်ကုန်များ ဖန်တီးဖို့ မဟာဗျူဟာတွေ ကြိုတင်ပြင်ဆင်ထားသင့်တယ်လို့ တိုက်တွန်းထားပါတယ်။

**Source: BETV Business**

## ဒစ်ဂျစ်တယ်ငွေပေးချေမှုများမြှင့်တင်ရန် ဒူဘိုင်းအကောက်ခွန်ဌာနနှင့် Binance တို့ မဟာဗျူဟာမြောက်မိတ်ဖက်အဖြစ် လက်မှတ်ရေးထိုး

ဒူဘိုင်းအကောက်ခွန်ဌာနသည် Binance Blockchain Week 2025 ပြပွဲအတွင်း ကမ္ဘာ့အကြီးဆုံး cryptocurrency လဲလှယ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Binance နှင့်မဟာဗျူဟာမြောက်နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုတွင် ပြည်နယ်၏ ဦးဆောင်မှုကို အားဖြည့်ပေးခဲ့ပါသည်။

၎င်းသဘောတူညီချက်သည် crypto-assets များကို ကုန်သွယ်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ငွေပေးငွေယူမှုများတွင် ပေါင်းစပ်ရန်၊ ထိရောက်မှုကိုမြှင့်တင်ရန်နှင့် ငွေပေးချေမှုစနစ်များကို ခေတ်မီအောင်ပြုလုပ်ရန် ရည်ရွယ်ထားခြင်း ဖြစ်ပါသည်။

နှစ်ဖက်စလုံးမှ အကြီးတန်းအရာရှိများရှေ့တွင် ဒူဘိုင်းအကောက်ခွန်ဌာန၏ ညွှန်ကြားရေးမှူးချုပ် Dr. Abdulla Busenad နှင့် Binance FZE ၏ အထွေထွေမန်နေဂျာ Stephanie Emile တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ဤမိတ်ဖက်ဆောင်ရွက်မှုသည် ဒူဘိုင်းအကောက်ခွန်ဌာန၏ လက်ရှိဒစ်ဂျစ်တယ်အသွင်ပြောင်းမှုပေါ်တွင် တည်ဆောက်ထားပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းအမျိုးမျိုးကို အလိုအလျောက်လုပ်ဆောင်ပေးကာ ပြည်နယ်အား အဆင့်မြင့်နည်းပညာနှင့် ပေါ်ထွက်လာသော startup စီးပွားရေးလုပ်ငန်းများအတွက် ဗဟိုချက်အဖြစ် တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။

ဤပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ဒူဘိုင်းသည် blockchain နည်းပညာများကို အသုံးပြု၍ ပြည်တွင်းငွေပေးချေမှု ဂေဟစနစ်တစ်ခု ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်ထားပါသည်။ ဒစ်ဂျစ်တယ်ပိုင်ဆိုင်မှုများ ပေါင်းစပ်ခြင်းသည် သွင်းကုန်-ပို့ကုန်လုပ်ငန်းများကို ချောမွေ့စေရန်၊ ငွေပေးငွေယူအချိန်များကို လျှော့ချရန်နှင့် အထူးသဖြင့် ခေတ်မီငွေပေးချေမှုဖြေရှင်းချက်များနှင့် ကမ္ဘာလုံးဆိုင်ရာဈေးကွက်များသို့ဝင်ရောက်ရန် ရှာဖွေနေသော SME လုပ်ငန်းများထံမှ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် မျှော်မှန်းထားပါသည်။

DP World ၏ ဥက္ကဋ္ဌနှင့်အမှုဆောင်အရာရှိချုပ်ဖြစ်သူ His Excellency Sultan Ahmed bin Sulayem က ဤပူးပေါင်းဆောင်ရွက်မှုသည် ကမ္ဘာလုံးဆိုင်ရာဒစ်ဂျစ်တယ်စီးပွားရေးတွင် ဒူဘိုင်း၏ အခန်းကဏ္ဍကို အားကောင်းစေပြီး D33 စီးပွားရေးအစီအစဉ်ကို ပံ့ပိုးပေးထားကြောင်းနှင့် ဤအစီအစဉ်သည် ဆန်းသစ်သောစီးပွားရေးပတ်ဝန်းကျင်ကို ဖန်တီးပေးပြီး အနာဂတ်ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်သည့် နောက်မျိုးဆက် ငွေပေးချေမှုဂေဟစနစ်တစ်ခုကို တည်ဆောက်ပေးထားသည်ဟု ၎င်းက မှတ်ချက်ပြုပြောကြားခဲ့ပါသည်။

Binance နှင့်ပူးပေါင်းဆောင်ရွက်မှုသည် ဒစ်ဂျစ်တယ်ငွေပေးချေမှုနှင့် အကောက်ခွန်ခေတ်မီရေးတွင် အခန်းကဏ္ဍသစ်တစ်ခုကို အမှတ်အသားပြုနေကြောင်းနှင့် ဒစ်ဂျစ်တယ်ကုန်သွယ်မှု၏ အလျင်အမြန်တိုးတက်မှုကို လိုက်လျောညီထွေဖြစ်စေနိုင်သည့် နည်းပညာဖြင့်ပံ့ပိုးထားသော ပိုမိုမြန်ဆန်ပြီး ပိုမိုပွင့်လင်းမြင်သာသော လုပ်ငန်းစဉ်များဆီသို့ ၎င်းတို့ရွှေ့လျားနေသည်ဟု Dr. Abdulla Busenad က အလေးပေးပြောကြားခဲ့ပါသည်။

Binance ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Richard Teng က ဤပူးပေါင်းဆောင်ရွက်မှုသည် ဒူဘိုင်း၏ ဒစ်ဂျစ်တယ်ဂေဟစနစ်ကို မြှင့်တင်ရန်နှင့် ရေရှည်တည်တံ့သော၊ နည်းပညာဖြင့် မောင်းနှင်သော ကုန်သွယ်ရေးအခြေခံ အဆောက်အအုံများကို ဖန်တီးရန် ဆန်းသစ်သောဖြေရှင်းချက်များကို မိတ်ဆက်ပေးသွားမည်ဟု ထပ်လောင်းပြောကြားခဲ့ပါသည်။

ဤသဘောတူညီချက်သည် ဒူဘိုင်းအကောက်ခွန်ဌာနကို စမတ်ကျသော ငွေကြေးအသွင်ပြောင်းမှု၏ ရှေ့တန်းနေရာတွင် ထားရှိကာ ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးနှင့်ဒစ်ဂျစ်တယ်စီးပွားရေးဦးဆောင်သူအဖြစ် ပြည်နယ်၏ရည်မှန်းချက်များကို မြှင့်တင်ပေးထားကြောင်း သတင်းဖော်ပြထားပါသည်။

**Source: Dubai Media Office**

**(နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ အဘူဒါဘီမြို့)**

https://myantrade.gov.mm/article/STP(Ygn)_10122025_14:58

## ဒေသတွင်းစီးပွားရေးလမ်းကြောင်းငါးခုကို ဆက်သွယ်ပေးမည့် ရနောင်းဆိပ်ကမ်း ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်းကို စတင်

ထိုင်းနိုင်ငံ၊ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့သည် တရုတ်၊ လာအို၊ ထိုင်း၊ မြန်မာနှင့် BIMSTEC အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး ချိတ်ဆက်မှုများကိုမြှင့်တင်ရန် ရနောင်းဆိပ်ကမ်းတွင် ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်းကို စတင်ခဲ့ကြောင်း၊ ယင်းစီမံကိန်း၏ ပထမဆုံး ကုန်သင်္ဘောသည် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့သို့ ဦးတည်ခဲ့ကြောင်း၊

၎င်းသည် တရုတ်၊ လာအို၊ ထိုင်း၊ မြန်မာနှင့် BIMSTEC အဖွဲ့ဝင်နိုင်ငံများကို ချိတ်ဆက်ပေးမည်ဖြစ်ပြီး၊ ရနောင်းဆိပ်ကမ်းကို အန်ဒမန်ပင်လယ်၏ အဓိကရေကြောင်းကုန်သွယ်ရေးဗဟိုချက်အဖြစ် ပြောင်းလဲရာတွင် အရေးပါသည့် ခြေလှမ်းတစ်ခု ဖြစ်ပါသည်။

စီမံကိန်း၏ ရည်ရွယ်ချက်မှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး၊ မီးရထားလမ်းနှင့် ပင်လယ်ရေကြောင်း ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများကို လွယ်ကူချောမွေ့စွာ ချိတ်ဆက်ပေးခြင်းဖြင့် အရှေ့တောင်အာရှနှင့် တောင်အာရှဒေသတို့တွင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ပိုမိုတိုးတက်လာစေရန်ဖြစ်သည်။ ထို့ပြင် ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုအတွက် ပွင့်လင်းမြင်သာမှုရှိပြီး ခေတ်မီ၍ ရေရှည်တည်တံ့သော အခြေခံအဆောက်အဦတစ်ခု တည်ဆောက်ခြင်းဖြင့် ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုပေးသူများ၊ သင်္ဘောလိုင်းများနှင့် ရင်းနှီးမြှုပ်နှံသူများအကြား ယုံကြည်မှုကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။

ရနောင်းဆိပ်ကမ်းသည် ထိုင်းနိုင်ငံ၊ အန်ဒမန်ပင်လယ်ကမ်းရိုးတန်းရှိ တစ်ခုတည်းသော အများပိုင်ဆိပ်ကမ်းဖြစ်ပြီး BIMSTEC အဖွဲ့ဝင်နိုင်ငံများသို့ ဝင်ပေါက်အဖြစ် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဘက်စုံသယ်ယူပို့ဆောင်ရေးစနစ်ကို ချိတ်ဆက်ခြင်းဖြင့် စီးပွားရေးအခွင့်အလမ်းအသစ်များကို ဖော်ဆောင်ပေးမည်ဖြစ်သည်။ ထိုင်းဆိပ်ကမ်းအာဏာပိုင်အဖွဲ့သည် ရနောင်းဆိပ်ကမ်းကို ဒေသတွင်းနှင့် ကမ္ဘာ့လုံးဆိုင်ရာ စီးပွားရေးချိတ်ဆက်မှုများကို အထောက်အကူပြုမည့် ခေတ်မီ၍ ရေရှည်တည်တံ့သော ထောက်ပံ့ပို့ဆောင်ရေးဗဟိုချက်အဖြစ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ထားသည်။

ဘက်စုံသုံးလမ်းကြောင်းသစ်သည် ရန်ကုန် (မြန်မာ)၊ စစ်တကောင်း (ဘင်္ဂလားဒေ့ရှ်)၊ ချန်နိုင်း (အိန္ဒိယ)၊ ကိုလံဘို (သီရိလင်္ကာ) စသည့်ဆိပ်ကမ်းများသို့ ရေကြောင်းပို့ဆောင်ချိန်ကို သိသိသာသာ လျှော့ချပေးပါသည်။ ယခင်က ၎င်းနေရာများသို့ ပို့ဆောင်ရာတွင် ၁၄ ရက်မှ ၂၁ ရက်အထိ ကြာမြင့်ခဲ့သောကြောင့် ၎င်းစနစ်အသစ်သည် ကုန်ကျစရိတ်များကို လျှော့ချရန်၊ လုပ်ငန်းလည်ပတ်မှု ပြောင်းလွယ်ပြင်လွယ်ရှိရေးနှင့် ထိုင်းနှင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းများကို ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း ရရှိစေမည်ဖြစ်သည်။

၎င်းစီမံကိန်းကို Thai Transport Center Co., Ltd. မှ ပံ့ပိုးပေးထားပြီး၊ အဓိကမိတ်ဖက်များအဖြစ် SCG JWD Logistics Public Co., Ltd.၊ မြန်မာနိုင်ငံမှ Ever Flow River Group Public Co., Ltd. နှင့် SPT Smart Creation Co., Ltd တို့က ပူးပေါင်းဆောက်ရွက်လျက်ရှိပါသည်။ ၎င်းလမ်းကြောင်းသစ် စတင်မှုသည် အန်ဒမန်ပင်လယ်နှင့် BIMSTEC အဖွဲ့ဝင်နိုင်ငံများတွင် ထိုင်းနိုင်ငံကို ဦးဆောင်ကုန်သွယ်ရေးဗဟိုချက်အဖြစ်တည်ဆောက်ရန် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာခြင်းကို ဖော်ပြနေပါသည်။

**ရင်းမြစ်။** www.nationthailand.com

**Source:** https://commerce.gov.mm

https://myantrade.gov.mm/article/naypyitaw_11122025%201036

# STOCK EXCHANGE (11.12.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 5th Dec. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,629 (Shares) | 46,513,250 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 667 | 5,736,200 | 33,109,694 | 284,743 |
| MTSH | 00002 | 3,650 | -100 | -2.67% | 3,700 | 3,700 | 3,650 | 46 | 169,650 | 38,929,150 | 142,091 |
| MCB | 00003 | 8,100 | -200 | -2.41% | 8,000 | 8,500 | 7,900 | 4,022 | 32,682,100 | 10,400,986 | 84,248 |
| FPB | 00004 | 2,350 | +50 | +2.17% | 2,300 | 2,350 | 2,300 | 828 | 1,945,400 | 29,664,613 | 69,712 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 0 | 0 | 12,823,224 | 38,470 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 306 | 505,200 | 19,977,223 | 33,961 |
| AMATA | 00007 | 3,650 | +0 | +0.00% | 3,650 | 3,650 | 3,650 | 34 | 124,100 | 10,497,598 | 38,316 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 1,726 | 5,350,600 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 5th Dec. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 405.76 | -2.38 | -0.58% | 405.45 | 407.44 | 404.13 | 7,629 | 46,513,250 | 8 | 765,336 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 5th Dec. 2025

| Trading Volume | Trading Value |
|---|---|
| 8,629 (Shares) | 49,163,250 (MMK) |

### Main Board

As of 1:00 pm, 5th Dec. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,629 (Shares) | 46,513,250 (MMK) |

| MYANPIX | 405.76 ▼ 2.38 |
|---|---|
| Total Volume (shares) | 7,629 |
| Total Value (MMK) | 47 mil |
| Listed Company | 8 |
| Market Cap. (MMK) | 765,336 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲0 |
| MTSH | 00002 | 3,650 | ▼100 |
| MCB | 00003 | 8,100 | ▼200 |
| FPB | 00004 | 2,350 | ▲50 |
| TMH | 00005 | 3,000 | ▲0 |
| EFR | 00006 | 1,700 | ▲0 |
| AMATA | 00007 | 3,650 | ▲0 |
| MAEX | 00008 | 3,100 | ▲0 |

TIR